# နအဖ က ရခိုင်တိုင်းရင်းသားများအပေါ် (Genocide) ပြစ်မှုကျူးလွန်နေ

**သန်းနိုင်ဂလေး(မေဃဝတီ)**

Genocide ဆိုသည့်စကားလုံးကို ''လူမျိုးတုံးသတ်ဖြတ်မှု၊ လူမျိုးတစ်မျိုးလုံးကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု''ဟု မြန်မာလို ပြန်ဆိုတတ်ကြသည်။ ခေါင်းစဉ်ကို ဖတ်ပြီး နအဖ က ''ရခိုင်တိုင်းရင်းသားတစ်မျိုးလုံးကို ကျူပင်ခုတ်ကျူငုတ်ပါမကျန်အောင် အမြစ်ပြတ်မျိုးဖြုတ်သုတ်သင်ပစ်ရန် လူမျိုးတုံး သတ်ဖြတ်နေပြီလား''ဟု တွေးထင်စရာဖြစ်ကောင်းဖြစ်သွားနိုင်သည်။



ဗမာပြည်သို့ ယူဆောင်သွားခြင်းခံရသော ရခိုင်ကလေးငယ်များ

လူမျိုးတစ်မျိုးလုံးကို မျိုးပြုတ်သွားအောင် အကုန်လုံးသတ်ဖြတ်ပစ်ခြင်းမဟုတ်သော်ငြားလည်း Genocide ရာဇဝတ်ပြစ်မှုအား ကျူးလွန်နိုင်ကြောင်းကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုဆိုင်ရာ တရားရုံးက ပြဋ္ဌာန်းထားသည့် ဥပဒေတွင် ခိုင်ခိုင်မာမာ တိတိကျကျဖော်ပြထားသည်။ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး(ဝါ)အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး (ICC=International Criminal Court) ၏ နိုင်ငံတကာတရားဥပဒေဆိုင်ရာ အသုံးအနှုန်းများ အဓိပ္ပါယ်သတ်မှတ်ချက်တွင် genocide ဆိုသည့် ဝေါဟာရစကားလုံးသည် ''လူမျိုးတုံးသတ်ဖြတ်မှု'' ဟု မြန်မာဘာသာသို့ ဘာသာပြန်ဆိုချက် အဓိပ္ပါယ်တစ်ခုတည်းကို ဆိုလိုခြင်းမဟုတ်။ နိုင်ငံတကာ ရာဇဝတ်ဆိုင်ရာ တရားရုံး၏အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ချက်အရ Genocide ဆိုသည်မှာ နိုင်ငံသား၊ လူမျိုးစု၊ မျိုးနွယ်စု၊ (သို့မဟုတ်) ဘာသာရေးနှင့်ဆိုင်သော အုပ်စုတစ်ခုခု၏ အားလုံးကို (သို့မဟုတ်)အစိတ်အပိုင်း တစ်ခုခုကို (အချို့ကို) ဖျက်ဆီးပစ်ရန် ရည်ရွယ်၍ ကျူးလွန်သော အောက်ဖော်ပြပါမည်သည့် ပြစ်မှုကိုမဆို ဆိုလိုသည်--

(၁) လူအုပ်စု၏ အဖွဲ့ဝင်များကို သတ်ဖြတ်ခြင်း

(၂) လူအုပ်စု၏ အဖွဲ့ဝင်များကို ကိုယ်ထိလက်ရောက်သော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရ သော်လည်းကောင်း ပြင်းထန်စွာအန္တရာယ်ပြုခြင်း



ဗမာပြည်သို့ ယူဆောင်သွားခြင်းခံရသော ရခိုင်ကလေးငယ်များ

(၃) လူအုပ်စုဝင်များ၏ လူနေမှုဘဝ အခြေအနေများကို ထိခိုက်နစ်နာအောင် တမင်တကာရည်ရွယ် ၍ အုပ်စုတစ်ခုလုံးကိုဖြစ်စေ (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရုပ်ပိုင်းဆိုင်ရာအားဖြင့် ထိခိုက် ပျက်စီးစေခြင်း

(၄) လူအုပ်စုဝင်များအတွင်း ကလေးမွေးဖွားမှု ( မျိုးပွားမှု၊ လူဦးရေတိုးပွားမှု)ကို တားဆီးရန် ရည်ရွယ်ချက်ဖြင့် လိုက်နာချက်များသတ်မှတ်၍ လိုက်နာစေခြင်း

(၅) လူအုပ်စုတစ်ခုအတွင်းမှ ကလေးများအား တခြားလူအုပ်စုတစ်ခုအတွင်းသို့ အတင်းအဓမ္မပြောင်းရွှေ့ခြင်းစသည့် လုပ်ရပ်များကို ပြုလုပ်ကျူးလွန်ခြင်းသည် Genocide ရာဇဝတ်ပြစ်မှုကို ကျူးလွန်ခြင်းဖြစ်သည်။ ထိုအချက်များထဲမှ တစ်ချက်ချက်ကို ကျူးလွန်လျှင်(သို့) တချို့ကို ကျူးလွန်လျှင် (သို့) အားလုံးကို ကျူးလွန်လျှင် Genocide ဟု ခေါ်သည့် ရာဇဝတ်ပြစ်မှုကို ကျူးလွန်ခြင်းဖြစ်သည်။

ထိုသို့ဆိုလျှင် နအဖသည် အဆိုပါငါးချက်ထဲမှ မည်သည့်အချက်ကို ကျူးလွန်၍ ရခိုင်တိုင်းရင်းသားများအပေါ်တွင် Genocide ရာဇဝတ်ပြစ်မှုကို ကျူးလွန်နေသနည်း။ တစ်ချက် (သို့) တချို့ (သို့) အားလုံးကို ကျူးလွန်နေ၍လား။ ယနေ့လက်ရှိ ပကတိဖြစ်ပျက်နေသော ဖြစ်ရပ်မှန် အဖြစ်သနစ်အထောက်အထားက သက်သေခံနေပေသည်။

ထို ဖြစ်ရပ်မှန်မှာ-----ရခိုင်သမိုင်း သုတေသီ ရမ္မာဝတီအသျှင်ပညာစာရသည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကန်တော်ကြီးရပ်ကွက်၊ အာကျပ်တော်ကုန်းရှိ ၊ မဟာမုနိ ဗုဒ္ဓဝိဟာရကျောင်းတိုက်တွင် မိဘမဲ့ဂေဟာဖွင့်လျက် မိဘမဲ့ရခိုင်ကလေးငယ်များကို ကျွေးမွေးစောင့်ရှောက်ပြုစု၍ အခမဲ့ ပညာသင်ပေးနေသည်မှာ ၁၉၉၅ ခုနှစ်မှသည် ၂၀၁၀ ခုနှစ်အထိ ဖြစ်သည်။ ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၇ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ် အချိန်သို့အရောက်တွင် ရခိုင်ပြည်နယ်၊ အနောက်ပိုင်းတိုင်း စစ်ဌာ နချုပ်ဒု-တိုင်းမှူးကိုယ်တိုင် ဦးဆောင်သော လုံခြုံရေးတပ်ဖွဲ့ဝင်များစွာတို့ လက်နက်၊ တုတ်ဒိုင်းများ အပြည့်အစုံဖြင့် ရန်သူစစ်စခန်းကို ဝင်စီးသည့် ပုံစံအနေအထားမျိုးဖြင့် ဆရာတော် အသျှင်ပညာစာရ၏ မဟာမုနိ ဗုဒ္ဓဝိဟာရကျောင်းတိုက်ကိုဝိုင်းကာ အသျှင်ပညာစာရအား ဖမ်းဆီးခေါ်ဆောင်၍ စစ်တွေမြို့ အမှတ်(၁)ရဲစခန်းသို့ ပို့ဆောင် ချုပ်နှောင်ထားလိုက်သည်။ ထို့နောက် အသျှင်ပညာစာရအား ငွေကြေး အလွဲသုံးစားမှု၊ မာတုဂါမနှင့်ဖောက်ပြားမှု၊ အလောင်းဖျောက်မှု (ရခိုင်လူမျိုးတို့၏ ရိုးရာဓလေ့ထုံးထမ်းစဉ်လာအရ နို့စို့အရွယ် ကလေးငယ်များ ( အများအားဖြင့် ၅ နှစ်အောက် ကလေးငယ်များ သေဆုံးလျှင်) သေဆုံးပြီး မကြာမီ မြေမြှုပ်သင်္ဂြိုလ်ခြင်းကို အလောင်းဖျောက်မှုဟု စွပ်စွဲ)နှင့် နိုင်ငံရေးမှုများဖြင့်စွပ်စွဲကာ စွဲချက်တင်တရားစွဲဆိုလိုက်သည်။

ထို့အပြင် ဆရာတော် အသျှင်ပညာစာရ၏ မဟာမုနိ ဗုဒ္ဓဝိဟာရကျောင်းတိုက်ကို ချိတ်ပိတ်ကာ ဆရာတော်ကိုယ်တိုင် အနှစ်နှစ်အလလက ဆင်းရဲပင်ပန်းကြီးစွာ ရခိုင်ပြည်အနှံ့ခြေလျင်ခရီးဆန့်၍ ရှာဖွေဖော်ထုတ် စုဆောင်းထိန်းသိမ်းထားသော ရခိုင်ပြည်သုံး ရှေးဟောင်းရွှေဒင်္ဂါးများ၊ ငွေဒင်္ဂါးများ၊ ဓညဝတီခေတ်မှ မြောက်ဦးခေတ်ထိ ရခိုင်ဗုဒ္ဓရုပ်ပွားတော်များနှင့် ပုံတော်များ၊ ခေတ်အဆက်ဆက် ရေးထိုးခဲ့သည့် ရခိုင်ရှေးဟောင်း ကျောက်စာများ၊ ရခိုင်ရာဇဝင်ကျမ်းများ၊ ရခိုင်ဆေးကျမ်းများ၊ ရခိုင်သမိုင်းဆိုင်ရာ ပေစာများ၊ ရခိုင်ပြည် တန်တလျားမှ ရှာဖွေထားသော ငွေခြင်း၊ ဖမ်းခြင်း၊ နတ်ခြင်း၊ သာခြင်း၊ ခြေင်းစသည်များအပါအဝင် ဆရာတော်ကျောင်းတိုက်၌ ရှိရှိသမျှသော ရခိုင်ယဉ်ကျေးမှု အမွေအနှစ်များ၊ ရခိုင်အမျိုးသားဂုဏ်ဆောင်ပစ္စည်းများ၊ ရခိုင်စာပေ၊ ရခိုင်ကျေးလက်ရိုးရာ တေးကဗျာများကို တစ်ခုမှမကျန်အောင် သိမ်းယူသွားခဲ့သည်။ ထိုကဲသို့ ရခိုင်လူမျိုးတို့၏ ဘိုးဘွားပိုင် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်များကို နအဖအာဏာပိုင်များက အာဏာ အားကိုးဖြင့် သိမ်းယူသွားသည့်အတွက်ကြောင့် ရခိုင်တစ်မျိုးသားလုံး ကြေကွဲမဆုံး ယူကျုံးမရ ခံစားနေကြရသည်။ နအဖ၏ ယခုလုပ်ရပ်သည် ရခိုင်လူမျိုးတစ်မျိုးလုံးသားကို  စိတ်ပိုင်းဆိုင်ရာအရ များစွာထိခိုက်နာကျင်အောင် ပြင်းထန်စွာ အန္တရာယ်ပြုမှုဖြစ်သည်။

၎င်းအပြင် နအဖ အာဏာပိုင်များက  ဆရာတော် အသျှင်ပညာစာရ ဘဝနှင့်ရင်းပြီး ရင်အုပ်မကွာ ကျွေးမွေးပြုစုစောင့်ရှောက်၍ အခမဲ့ပညာသင်ကြားပေးနေသော မိဘမဲ့ ရခိုင်ကလေးငယ် (၁၂၀)ခန့်ကို ဆရာတော်၏ ကျောင်းတိုက်မှ ခေါ်ထုတ်ယူဆောင်ကာ ရခိုင်ပြည်နယ်နှင့်ဝေးလံသည့် ရပ်ဝေးဒေသသို့ပို့ရန် စီစဉ်ကြသည်။ ရခိုင် ဒေသခံမြို့မိမြို့ဖများ၊ ရခိုင်လူမှုအထောက်ကူပြုအသင်းများ၊ ရပ်ကွက်အလိုက် သာရေးနာရေးအသင်းများက မိဘမဲ့ ရခိုင်ကလေးငယ်များကို  မိမိတို့ ရခိုင်ဒေသ၌ပင်  ကျွေးမွေးစောင့်ရှောက်ထားနိုင်ရေးအတွက် ကော်မတီတစ်ရပ်ဖွဲ့ပြီး နအဖ အာဏာပိုင်များထံ အသနားခံ တင်ပြတောင်းဆိုကြသော်လည်း နအဖ အဏာပိုင်များက လစ်လျူရှုခဲ့ကြသည်။ ရခိုင်ပြည်သူပြည်သားများအနေဖြင့် မိဘမဲ့ ရခိုင်ကလေးငယ်များကို ရပ်ဝေးဒေသသို့မပို့ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြသော်လည်း နအဖ အဏာပိုင်များသည် အာဏာစက်ဖြင့်ပယ်ချကာ ဥပေက္ခာ ပြုရက်ခဲ့သည်။ ၂၀၁၀ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့အရောက်မှာတော့ ဟိုက်ဝေးပြေးကားကြီးများဖြင့် ရခိုင့်ရင်သွေးများဖြစ်သည့် ရခိုင်ပြည်ဖွား  မိဘမဲ့ရခိုင် ကလေးငယ် များထဲက ငါးနှစ်အောက်ကလေး (၃၈) ယောက်ကို မကွေးတိုင်း ၊မင်းဘူးသို့လည်းကောင်း၊ ငါးနှစ်အထက်ကလေး(၃၂)ယောက်ကို မန္တလေးသို့လည်းကောင်း အတင်းအဓမ္မ ပို့ဆောင်လိုက် သည်။ ရခိုင်တစ်မျိုးသားလုံး ရင်ကွဲရလေပြီ၊ ရင်နာရလေပြီ၊ ရင်ကျိုးရလေပြီ။ ဘာဆိုဘာမှ မသိသေးသည့် မိမိတို့ရခိုင် ရင်သွေးငယ်များကို ရခိုင်မဟုတ်သည့် တခြားလူမျိုးအဖြစ်သို့ နည်းဗျူ ဟာကျကျ အတင်းအကြပ် သွပ်သွင်းရက်လေခြင်းဟု ခံပြင်းဒေါသ နာကျင်ရလေပြီ။ နအဖ၏ ယခု လုပ်ရပ်သည် ရခိုင်တစ်မျိုးသားလုံးကို စိတ်ပိုင်းဆိုင်ရာအရ ကြီးမားစွာ ထိခိုက်ခံစားရအောင် ပြင်းထန်စွာ အန္တရာယ်ပြုခြင်းဖြစ်သည်။

အထက်ပါ ဖြစ်ရပ်သည် ရခိုင်ပြည်နယ်၌ လောလောဆယ် အမှန်တကယ်ဖြစ်နေသော ဖြစ်ရပ်မှန်ဖြစ်သည်။ ဤဖြစ်ရပ်တွင် နအဖသည် ရခိုင်တစ်မျိုးသားလုံးကို စိတ်ပိုင်းဆိုင်ရာအရ ပြင်းထန်စွာ

အန္တရာယ်ပြုသည့်အပြင် ရခိုင် ရင်သွေးကလေးငယ်များကို ရခိုင်မဟုတ်သည့် တခြားလူမျိုးအုပ်စုတစ်ခုသို့ အတင်းအကြပ် ပြောင်းရွှေ့ပစ်သည်မှာ ထင်ရှားနေသည်။ နိုင်ငံတကာ ရာဇ ဝတ်မှုဆိုင်ရာ တရားရုံ (သို့) အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) က Genocide ရာဇဝတ်ပြစ်မှုနှင့် ပတ်သက်၍ သတ်မှတ်ဖော်ပြထားသော အချက်(၅)ချက်တွင် အချက်နံပါတ်(၂)ဖြစ်သည့် လူအုပ်စု၏ အဖွဲ့ဝင်များကို ကိုယ်ထိလက်ရောက်သော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း ပြင်းထန်စွာ အန္တရာယ်ပြုခြင်းနှင့် အချက်နံပါတ်(၅)ဖြစ်သည့် လူအုပ်စုတစ်ခုအတွင်းမှ ကလေးများအား တခြားလူအုပ်စုတစ်ခုအတွင်းသို့ အတင်းအဓမ္မ ပြောင်းရွှေ့ခြင်းဆိုသည့် အချက်များကို နအဖ က ထင်ထင်ရှားရှားကျူးလွန်သည်။ ထို့ကြောင့် နအဖ စစ်အစိုးရသည် ရခိုင်တိုင်းရင်းသားများအပေါ်တွင် Genocide ရာဇဝတ်ပြစ်မှုကို ကျူးလွန်နေသည်။